‘မြန်မာနိုင်ငံအနာကြီးရောဂါတိုက်ဖျက်ရေးညီလာခံ’

(၁၂ - ၁၃ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၈ ခုနှစ်)

‘ခွဲခြားဆက်ဆံမှုပပျောက်ဖို့ ဝိုင်းဝန်းလက်တွဲဆောင်ရွက်စို့’

ရက်စွဲ။ ၁၁ - ၁၂ - ၂၀၁၈

# အနာကြီးရောဂါ (Hansen's disease or Leprosy)

- လူ၏ အရေပြားနှင့် အာရုံကြောတို့ကို ထိခိုက်ပျက်စီးစေသော နာတာရှည်ကူးစက်ရောဂါ ဖြစ်သည်။
- ဘက်တီးရီးယားပိုး *Mycobacterium leprae* ကြောင့် ဖြစ်ပွားသည်။
- ရောဂါပိုးချိန် - (၅) နှစ်မှ (၇) နှစ်ခန့်ထိ

**အနာကြီးရောဂါ၏ လက္ခဏာများ-**

(၁) အရေပြားတွင် အဖြူကွက်၊ အနီကွက်များ ပေါ်ခြင်း၊ ၎င်းအကွက်များ ထိ၊ ပူ၊ နာ၊ အေး မသိခြင်း (သို့မဟုတ်) ထုံနေခြင်း။ အရေပြားတွင် အဖု၊ အသီး၊ အထုပိန်းများ ထူးခြားသော ပြောင်းလဲမှုဖြစ်ခြင်း။

(၂) အာရုံကြောပျက်စီးသော လက္ခဏာဖြစ်သည့် အရေပြားထုံခြင်း (သို့မဟုတ်) ထိ၊ ပူ၊ နာ၊ အေး မသိခြင်း၊ ကြွက်သားအားနည်းခြင်း၊ လှုပ်ရှားမှု ကောင်းစွာမလုပ်နိုင်ခြင်း၊ မွေးညှင်းများ မပေါက်ခြင်း၊ ချွေး မထွက်ခြင်းများ ဖြစ်ပါသည်။

**<u>ကုသမှု</u>**

- MDT ဆေးပေါင်းကုနည်းဖြင့် ရောဂါပျောက်ကင်းအောင် ကုသနိုင်ပါသည်။
- အနာကြီးရောဂါပျောက်ဆေး MDT ကို နီးစပ်ရာကျန်းမာရေးဌာနများတွင် အခမဲ့ ရယူနိုင်ပါသည်။
- ရောဂါဖြစ်စအချိန်တွင် ဆေးကုသမှုခံယူပါက ခန္ဓာကိုယ်ချို့ယွင်းမှုဖြစ်ခြင်းကို ကာကွယ်ပေးနိုင်ပါသည်။

မြန်မာနိုင်ငံ၌ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီ (၆) ရက်တွင် ‘Leprosy Elimination’ အနာကြီးရောဂါ ကင်းဝေးရေးရည်မှန်းချက်ကို ရရှိခဲ့ပါသည်။ အနာကြီးရောဂါကင်းဝေးရေး ဆိုသည်မှာ လူဦးရေတစ်သောင်းလျှင် မှတ်ပုံတင်အနာကြီးရောဂါ ဖြစ်ပွားမှုနှုန်း တစ်ယောက်အောက် လျော့နည်းကျဆင်းရေးပင်ဖြစ်သည်။ အနာကြီးရောဂါကင်းဝေးရေး ရရှိခဲ့သော်လည်း

မြန်မာနိုင်ငံတွင် နှစ်စဉ် လူနာသစ် (၂၅၀၀) မှ (၃၀၀၀) ထိ ထွက်ရှိနေပါသည်။ လူနာသစ်များ အနက် (၁၀) မှ (၁၅) ရာခိုင်နှုန်းသော လူနာသစ်တို့မှာ မြင်သာသော ခန္ဓာကိုယ်ချို့ယွင်းမှု ဖြစ်ပေါ်ပြီးသောသူများ ဖြစ်ကြပါသည်။ (၅) ရာခိုင်နှုန်းမှာ ကလေးလူနာသစ်များ ဖြစ်နေပါသည်။

**<u>လူနာတိုင်း MDT ဆေးပေါင်းကုသမှု မရရှိသော အဓိကအကြောင်းရင်းများ</u>**

(၁) မိမိကိုယ်မိမိ အနာကြီးရောဂါဖြစ်နေကြောင်း မသိခြင်း။

(၂) ရောဂါဖြစ်နေသည်ကို သိသော်လည်း MDT ဖြင့် ဆေးကုသလျှင် ရောဂါပျောက်ကင်းနိုင်သည်ကို မသိခြင်း။

(၃) 'မိမိကိုယ်မိမိ' အနာကြီးရောဂါဖြစ်မှန်း သိလည်းသိ၊ MDT ဖြင့် ကုသလျှင် ပျောက်ကင်းသည်ကို သိရှိသော်လည်း ရှက်ရွံ့ခြင်း၊ ပတ်ဝန်းကျင်၏ သိရှိပစ်ပယ်ခံရမည်ကို စိုးရွံ့ခြင်းကြောင့် ဆေးကုသမှု မခံယူခြင်း။

ယခုအခါ၌ အနာကြီးရောဂါကို မြန်မာနိုင်ငံမှ အပြီးအပိုင်ဖယ်ရှားရန် ရည်မှန်းချက် ထားရှိပါသည်။ သို့ဖြစ်ပါ၍ အနာကြီးရောဂါလက္ခဏာများကို ပြည်သူလူထုက သိရှိစေရန်နှင့် ပတ်ဝန်းကျင်ကလည်း ပစ်ပယ်ခြင်းမရှိစေအောင် ပညာပေးရန်မှာ ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်ပင်ဖြစ်ပါသည်။

**အနာကြီးရောဂါ ဖြစ်သူတိုင်းသာ ရောဂါပျောက်ဆေး MDT ကို ရောဂါဖြစ်စမှာပင် ကုသမှုခံယူလျှင် အနာကြီးရောဂါကင်းစင်သော မြန်မာနိုင်ငံ (Leprosy Free Myanmar) အမှန်တကယ်ရရှိနိုင်မည် ဖြစ်ပါသည်။**

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန